ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီ ခိုင်ခံ့စွာ ဆက်လက်တည်မြဲစေရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အနော်ရထာမင်းကြီးတည်ထားခဲ့သည့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီကြီး ပရိဝုဏ်အတွင်းရှိ စေတီ၊ ပုထိုးများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ၇ ရက်သားသမီးများ လှူဒါန်းသောကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များကို ရွှေမုဋ္ဌောစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများဦးဆောင်၍ အလယ်ဌာပနာတော် သွင်းလှူပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးက တည်ထားပူဇော်ပြီး သမိုင်းကြောင်းထင်ရှားသည့် စေတီတစ်ဆူဖြစ်သည့်အတွက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ နောင်ငလျင်ဒဏ်ခံနိုင်ရန်အတွက် ကြိုတင်အားဖြည့်စနစ်များအတွင်းတွင် ထည့်သွင်းတည်ဆောက်သွားရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်ပြန်ထားသော SoP အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

---

# သူနာပြုများသည် လူနာများနှင့် အနီးကပ်ထိတွေ့ပြုစုရသည့်အချိန် ပိုမိုများပြားသဖြင့် သူနာပြုများအား လေ့ကျင့်သင်ကြားမှုသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အရေးကြီး

**နေပြည်တော် ဩဂုတ် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သူနာပြုများသည် လူနာများနှင့် အနီးကပ်ထိတွေ့ပြုစုရသည့်အချိန် ပိုမိုများပြားသဖြင့် သူနာပြုများအား လေ့ကျင့်သင်ကြားမှုသည် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွက် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်တန်းသား သင်တန်းသူများ၏ လိုအပ်ချက်ကို တတ်နိုင်သမျှပံ့ပိုးပေးရန်နှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း မိသားစုသဖွယ် ဖေးမဆောင်ရွက်ပေးစေလိုကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းလိုက်နာကာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းအတွင်း ကွန်ပျူတာခန်း၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ထမင်းစားဆောင်၊ စားဖိုဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သူနာပြုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး - မိတ္ထီလာမြို့ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ အထွေထွေရောဂါ ကုသဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ကုသဆောင်၊ ဓာတ်ခွဲခန်းနှင့် လူနာများအား ကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိတ္ထီလာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ မျှော်မှန်းလူ့သက်တမ်းကို ပိုမိုကောင်းမွန်စေရေး၊ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း၊ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းစေရေး ကျန်းမာရေး မြှင့်တင်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကြိုးပမ်းဆောင်ရွက်ရန်၊ မိခင်ကလေး ကျန်းမာရေး စောင့်ရှောက်မှု၊ ကျောင်းကျန်းမာရေး၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများပြားတတ်သည့် ရာသီဖြစ်သဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

---

# နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်နိုင်ရေး ကြိုးစားသွားကြရန်လို

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်းရှိ ဒေ့ရိပ်သာ၌ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့အားတွေ့ဆုံ၍**(ယာပုံ)** နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်နိုင်ရေး၊ ပြိုင်ပွဲကွင်းပြင်ဆင်ဆောင်ရွက်ရေး၊ အားကစားအထောက်အကူပြု ပစ္စည်းများ ရရှိနိုင်ရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ကြိုးစားသွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံတို့နှင့် တွေ့ဆုံ၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့မှုနှင့် ကမ္ဘာ့အဆင့် E-sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆု ဆွတ်ခူးရယူခဲ့ပြီး အမိမြန်မာနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်က များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြု ချီးမြှင့်ပွဲများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားသမားများကလည်း အခြား Event အမျိုးအစားပြိုင်ပွဲများ၌ ယခုလို အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဒီမိုကရေစီစနစ်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

**မင်းခေါင်**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်ဆိုတာကို နိုင်ငံရေးပါးဝသူတိုင်း၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးကို လေ့လာတီးခေါက်မိသူတိုင်း နားလည်သဘောပေါက်ကြပေမယ့် နယ်တစ်နယ် ဓားတစ်စင်း၊ တစ်တောတစ်ကြက်ဖ စစ်ဘုရင်ဝါဒကို နှစ်ပေါင်းများစွာကိုင်စွဲထားပြီး လက်နက်ကိုင်လမ်းစဉ်ကို သဘောတွေ့နေကြတဲ့ ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အချို့ကတော့ ရွေးကောက်ပွဲကို လက်မခံတဲ့ သဘောထားတွေကို ထုတ်ဖော်ပြောနေတာကို ကြားရပါတယ်။

ဒါဖြင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဘယ်လိုလုပ်ငန်းစဉ်နဲ့ သွားမလဲ၊ ဘယ်လိုချဉ်းကပ်လုပ်ဆောင်ရမလဲလို့ မေးခွန်း ထုတ်ပြန်ရင်လည်း သူတို့မှာတိတိကျကျ၊ ရေရေရာရာအဖြေမရှိပါဘူး။ စစ်အာဏာရှင်စနစ် ပြုတ်ကျရေး၊ လက်နက်ကိုင်တော်လှန်ရေး စသည်ဖြင့် မရေမရာ ဝေဝေဝါးဝါးနဲ့ပဲ အဆုံးသတ်သွားတာပါပဲ။

ဒါပေမယ့် တကယ့်မြေပြင်အနေအထားအရကတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းနဲ့ အဖြေရှာကြရမယ့်အစား စစ်ဘောင်ကိုပဲ တွင်တွင်ချဲ့ပြီး ဖော်ဆောင်နေခဲ့ကြတဲ့အတွက် ဒေသခံတိုင်းရင်းသားပြည်သူတွေမှာ မြောက်မြားစွာသော အသက်အိုးအိမ် စည်းစိမ်တွေ ဆုံးရှုံးနေကြရပါတယ်။

> ❖ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာတော့ အာဏာရပါတီဟာ မဲမသမာမှုကတစ်ဆင့် ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရမယ့်အစား လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့အာဏာကို အဓမ္မရယူဆောင်ရွက်မှုမှ အစပြုပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတော်ရဲ့တာဝန်များ ခေတ္တလွှဲပြောင်းထိန်းသိမ်းလိုက်တဲ့အတွက် လွှတ်တော်နိုင်ငံရေးဟာ ခေတ္တရပ်တန့်သွားခဲ့ပါတယ်။ ဒါတွေကို ပြန်လည်တင်ပြပြောဆိုရခြင်းဟာလည်း နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသံဝေဂ၊ နိုင်ငံရေးသင်ခန်းစာအဖြစ် ပြန်ပြောင်းဆင်ခြင်နိုင်ဖို့ပဲဖြစ်

### ဒီမိုကရေစီရဲ့ သဘောတရား

ဒီအတွက် တစ်ခုတည်းသော လမ်းကြောင်းကတော့ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ဒေသခံတို့ရဲ့ အနာဂတ်အကျိုးစီးပွားကို အာမခံနိုင်သော ဒီမိုကရေစီရဲ့ သဘောတရားအရ မတူတာတွေကို ဆွေးနွေးညှိနှိုင်း၊ တူတာတွေကို အတူတကွတွဲလုပ်နိုင်မယ့် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ပထမအကြိမ် ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းကလည်း ထိုစဉ်က အတိုက်အခံပါတီဟာ **"နိုးဘုတ်"**ဆိုတဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲကို ကျော်ခိုင်းခဲ့ပေမယ့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာတဲ့ လွှတ်တော်နိုင်ငံရေးနဲ့အတူ မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ် အသိအမှတ်ပြုထောက်ခံလာတဲ့ ကမ္ဘာ့အခြေအနေကြောင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ထိုမှ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရခဲ့တာပဲ မဟုတ်ပါလား။

### နိုင်ငံရေးသင်ခန်းစာအဖြစ် ပြန်ပြောင်းဆင်ခြင်နိုင်ဖို့ပဲဖြစ်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာတော့ အာဏာရပါတီဟာ မဲမသမာမှုကတစ်ဆင့် ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရမယ့်အစား လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့အာဏာကို အဓမ္မရယူဆောင်ရွက်မှုမှ အစပြုပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်ရဲ့တာဝန်များ ခေတ္တလွှဲပြောင်းထိန်းသိမ်းလိုက်တဲ့အတွက် လွှတ်တော်နိုင်ငံရေးဟာ ခေတ္တရပ်တန့်သွားခဲ့ပါတယ်။ ဒါတွေကို ပြန်လည်တင်ပြပြောဆိုရခြင်းဟာလည်း နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသံဝေဂ၊ နိုင်ငံရေးသင်ခန်းစာအဖြစ် ပြန်ပြောင်းဆင်ခြင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

> ❑ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်ရဲ့အာဏာကို ခေတ္တထိန်းသိမ်းခဲ့ခြင်းသာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး စတဲ့လုပ်ငန်းစဉ်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ထဲမှာ အတိအလင်းထည့်သွင်းဖော်ပြပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့

ဒါပေမယ့် တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်ရဲ့ အာဏာကို ခေတ္တထိန်းသိမ်းခဲ့ခြင်းသာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး စတဲ့လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ထဲမှာ အတိအလင်းထည့်သွင်းဖော်ပြပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

### ဦးတည်ချက် ၄ ရပ်

လက်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက် ၄ ရပ်မှာလည်း **"နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး"**၊ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** စသည်ဖြင့် ဆက်လက်ဖော်ပြပါရှိပါတယ်။

ကမ္ဘာက **"မြန်မာ့နွေဦး"**လို့ တင်စားခေါ်ဝေါ်ရလောက်အောင် ညင်သာတဲ့ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုလည်း တပ်မတော်က ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့အတူ ဖော်ဆောင်ပေးခဲ့တဲ့ နိုင်ငံရေးအခင်းအကျင်းအရ ယခုဒီဇင်ဘာလမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာလည်း ခေတ္တရပ်တန့်သွားခဲ့ရတဲ့ လွှတ်တော်နိုင်ငံရေးလမ်းကြောင်းကို မကြာမီ သက်ဝင်နိုးထလာစေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ် ၁၂ ရက်မှာ နေပြည်တော်မှာ ကျင်းပတဲ့ ကော်မရှင်အစည်းအဝေးမှာ **"ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့် အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့် နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ သတိထားရမယ့် ကိစ္စတစ်ရပ်အနေနဲ့ ထည့်သွင်းပြောကြားသွားတာကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖတ်လိုက်ရပါတယ်။

နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့သလို ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိကောင်းရှိလာနိုင်မှာ ဖြစ်ပါတယ်။

လောကဓမ္မတာအရတော့ အဖြူရှိရင် အမည်းရှိမယ်၊ အကောင်းရှိရင် အဆိုးရှိမှာပါပဲ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုရွေးကောက်ပွဲမှာလည်း ရွေးကောက်ပွဲကို သပိတ်မှောက်ကျောခိုင်းတဲ့ အဖွဲ့အစည်းတွေ၊ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တဲ့ လူစားတွေရှိခဲ့ကြတာပါပဲ။ ဒါကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"လာမယ့် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဖျက်လိုဖျက်ဆီး လုပ်ကြမယ်ဆိုတဲ့ လူတွေပေါ်ရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရဲ့ရန်သူ နံပါတ်တစ်တွေပဲ။ လွတ်လပ်ရေးကို ဆုံးဖြတ်ရမယ့် ရွေးကောက်ပွဲဖျက်ဆီးချင်သူတွေဟာ တိုင်းပြည်ရဲ့ရန်သူပဲ။ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့လူတွေဟာ ရှေ့လျှောက်ပြီး သူတို့ မင်းသားကြီးမလုပ်နိုင်ကြမယ့်အရေးမြင်လို့ ဗမာပြည် ဘာဖြစ်ဖြစ်ဆိုပြီး လုပ်ချင်ကြတဲ့လူတွေပဲ။ လာမယ့်ရွေးကောက်ပွဲကို ဖျက်ချင်တဲ့လူတွေက ဘာဖြစ်လို့ဖျက်ချင်တာလဲ။ တခြားကြောင့် မဟုတ်ဘူး၊ လွတ်လပ်တဲ့မြန်မာပြည်ကြီးမှာ သူတို့တတွေဟာ တစ်သက်လုံး မြုပ်တော့မယ့်အရေးကြီးကိုတွေး၊ တွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်လို့ပဲ"** စသည်ဖြင့် တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရန်ကုန်အသံလွှင့်ရုံကနေ ပြောကြားခဲ့ဖူးပါတယ်။

ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြတဲ့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ မိမိတို့လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက်ဆိုရင် လာမယ့်ရွေးကောက်ပွဲမှာ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"**ဆိုတဲ့ လွှတ်တော်နိုင်ငံရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြမယ်ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကသာ ကောယနေ့ာတစ်ခုတည်းသော၊ တစ်ကြောင်းတည်းသောလမ်း ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့သာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ ဆိုပါရစေ။ ။

# အင်ဂျင်ပါဝါသုံး ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် အရည်အသွေးပြောင်းလဲပြုပြင် စမ်းသပ်ထုတ်လုပ် တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် နည်းပညာလွှဲပြောင်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အရည်အသွေးပြောင်းလဲပြုပြင်စမ်းသပ်ထုတ်လုပ်သည့် အင်ဂျင်ပါဝါသုံး ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနစိုက်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်းတို့ ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများအား စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး ဌာနပညာရှင်များက သုတေသနပြု တီထွင်စမ်းသပ်ပြီး MSMEs လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းပေးရန် လိုအပ်ချက်များနှင့် ထုတ်လုပ်လိုက်သည့် စက်ကိရိယာများ၏ ပြုပြင်မွမ်းမံမှုအတွက် နောက်ဆက်တွဲ လိုအပ်လာနိုင်သည့် စက်အစိတ်အပိုင်း အပိုပစ္စည်းများ ဈေးကွက်သို့ ဖြန့်ဖြူးပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

စက်မှုလယ်ယာ ဦးစီးဌာန မြန်မာ့လယ်ယာသုံး ပစ္စည်းကိရိယာစက်ရုံ (အင်းကုန်း)က စမ်းသပ် ထုတ်လုပ်ထားသည့် အဆိုပါ ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက်တွင် အင်ဂျင်ပါဝါငါးကောင်အားကို အသုံးပြုပြီး လယ်တစ်ဧကကို အချိန်တစ်နာရီခွဲမှ တစ်နာရီ ၄၅ မိနစ်ခန့်အတွင်း စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ တောင်သူများအတွက် တန်ဖိုးသင့်ဈေးနှုန်းဖြစ်စေရန်နှင့် ပေ့ါပါးလွယ်ကူစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ အကောင်းဆုံးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်၌ လက်တွေ့အသုံးပြုနိုင်ရန် နည်းပညာအတည်ပြုခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးပါက တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်



သုံးစွဲနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSMEs လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းပေး နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

# အတန်းအောင်ရုံသာ ပညာသင်ကြားပေးရန်မဟုတ်ဘဲ ပညာရေး၏အနှစ်သာရကိုပါ သင်ကြားပေး

ပြင်ဦးလွင် ဩဂုတ် ၁၆

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ လူငယ်ကဏ္ဍနှင့်ပညာရည်မြင့်မားရေး ဆွေးနွေးမှာကြားသည်။** (အောက်ပုံ)

ဆွေးနွေးပွဲသို့ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကကျကြောင်း၊ ပညာတတ်များဖြင့်သာ နိုင်ငံကို တည်ဆောက်နိုင်ကြောင်း၊ ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် ပညာနိမ့်ပါးသူများဖြင့် အကောင်အထည်ဖော်ရန် မဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲကလည်း အခါအခွင့်သင့်တိုင်း ကျောင်းသား ကျောင်းသူများကို အတန်းအောင်ရုံသာ ပညာသင်ကြားပေးရန်မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများရရှိစေရေး စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ခွဲခြားသုံးသပ်နိုင်ကြရေး၊ နိုင်ငံသားကျင့်ဝတ်နှင့် လူမှုကျင့်ဝတ်များကိုပါ သင်ကြားပေးရေး လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဟူသည့်ဆောင်ပုဒ်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဟူသည့် ရည်မှန်းချက်





များနှင့်အညီ ဘက်စုံထူးချွန်သော ဗလငါးတန်ပြည့်ဝသောနိုင်ငံအတွက် အားထားရမည့် လူကောင်းလူတော်များဖြစ်အောင် လေ့ကျင့်သင်ယူကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများသာမက အသိပညာနှင့် ဗဟုသုတအတွက် စာပေများလေ့လာဖတ်ရှုရေး၊ စည်းကမ်းဥပဒေများကို လိုက်နာတတ်အောင် လေ့ကျင့်နေထိုင်ရေး၊ ဘဝပျက်စီးစေမည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးဝါးတို့ကို ရှောင်ရှားရေး၊ နိုင်ငံတော်က ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်၊ မကြာမီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲအောင်မြင်အောင် ဆရာ ဆရာမများ၊ လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲမဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးနေသူများအား ဖော်ထုတ်ကာကွယ်ထိန်းသိမ်းရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အခြေခံပညာကျောင်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော သုတရသစာအုပ်များနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးပို့သောအားကစားဆိုင်ရာပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နောင်ချိုထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကျေပွန်ကြရေး၊ လုပ်ငန်းများအောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေး၊ မကြာမီပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန်ကိစ္စများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြင်ဦးလွင် ထပ်ဆင့်လွှင့်စက်ရုံ၌ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် စာရေးဆရာ မောင်မြတ်နိုး(ရန်ကင်း)က စာအုပ်စာပေလှူ့မိတ်ဆွေ၊ စာရေးဆရာမ ပေါက်ပေါက်က စာဖတ်ရှိန်မြှင့်တင်ရေးပြည်သူအားလုံး ပါဝင်ပေးခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြသည်။



အဆိုပါ အခမ်းအနားတွင် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် နံရံကပ်ပြခန်းများ၊ စာအုပ်ပြပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **လှလှထွေး(ပြန်/ဆက်)**

## မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

လကျာ်

*(ဩဂုတ် ၁၅ ရက်နေ့မှအဆက်)*

**ပြည်ထောင်စုစိတ်ဓာတ်အား ဖော်ပြနေသော မြန်မာ့ယွန်းထည်**

မြန်မာ့ယွန်းထည်လက်မှုပညာ ခေါ် ပန်းယွန်းသည် လက်မှုပညာချည်းသက်သက် မဟုတ်ဘဲ မြန်မာနိုင်ငံရှိ လူမျိုးများ၏ ပေါင်းစည်းခြင်းအား ဖော်ပြနေခြင်းဖြစ်သည်။ ယွန်းထည်လုပ်ငန်းအတွက် လိုအပ်သော ဝါးများအား ဧရာဝတီ မြစ်ညာဒေသများမှ ထုတ်လုပ်ရပြီး ယွန်းထည်တွင် သုတ်လိမ်းရမည့် သစ်စေးသည် ရှမ်းကုန်းမြင့်ဒေသတွင်သာ အများဆုံးထွက်ရှိပါသည်။ ထို့အတူ ယွန်းထည်ဆေးခြယ်ရန်နှင့် တန်ဆာဆင်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းများသည် ယွန်းထည်ထုတ်လုပ်ရေးလုပ်ငန်းများရှိရာ ပုဂံမြို့တွင် ထွက်ရှိခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိဒေသအသီးသီးမှ ထွက်ရှိကာ ပုဂံသို့ ပို့ဆောင်ပြီးမှ ယွန်းထည်များ ထုတ်လုပ်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ပုဂံမြို့ရှိ ယွန်းကောလိပ်သို့ ယွန်းအတတ်ပညာဖလှယ်ရန်လာသော ဂျပန်၊ တရုတ်မှ ယွန်းပညာရှင်များက မြန်မာ့ယွန်းထည်တစ်ခုသည် မြန်မာတစ်နိုင်ငံလုံးအား ကိုယ်စားပြုနိုင်သည်ဟု မှတ်ချက်ချသွားကြောင်း သိရှိရပါသည်။

အခြားနိုင်ငံများတွင် ယွန်းထည်ပြုလုပ်ပါက ထိုဒေသမှ ကုန်ကြမ်းပစ္စည်းများကိုသာ သုံးကာ အမယ်မစုံလင်သော်လည်း မြန်မာ့ယွန်းထည်တွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၏ အမျိုးအစား စုံလင်မှုအား နိုင်ငံတကာမှ ယွန်းပညာရှင်များ အံ့သြနေခြင်းပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် မြန်မာ့ယွန်းထည်တစ်ခုသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှ ကုန်ကြမ်းပစ္စည်းများ၊ အနုပညာဖန်တီးမှုများဖြင့် ပေါင်းစပ်ကာ ဖန်တီးထားသည့် ပြည်ထောင်စုစိတ်ဓာတ်၏ ပြယုဂ်တစ်ခုဟု ဆိုသော် မှားမည် မဟုတ်ပေ။


**မြန်မာ့ယွန်းထည်လုပ်ငန်း၏ လက်ရှိအခြေအနေနှင့် ပညာရှင်များ ရှားပါးလာမှု**

မြန်မာ့ပန်းယွန်းလက်မှု အနုပညာ အတတ်ကို ရှေးအခါက မြန်မာပြည်အနှံ့ ပုဂံ၊ စလေ၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ကာရွာ(မုံရွာမြို့)၊ တန့်ဆည်၊ ဝက်သဲ၊ မောင်းထောင်၊ ရေဦး၊ အင်းလေး၊ လဲခြား၊ ကျိုင်းတုံစသည့်ဒေသများတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ကြသည်။ မောင်းထောင်ယွန်း၊ ကျောက်ကာယွန်း၊ လဲခြားယွန်း၊ ပုဂံယွန်းဟူ၍ ဒေသအမည်နှင့် ယွန်းပစ္စည်းကို တစ်ပါတည်း ခေါ်ဝေါ်သမုတ်လျက် ထင်ရှားကျော်ကြားခဲ့သည်။ ယခုအခါ ပန်းယွန်းလုပ်ငန်းများကို ပုဂံဒေသ၌သာ အဓိကလုပ်ကိုင်နေကြပြီး ကျန်ဒေသများတွင် လုပ်ကိုင်မှုနည်းပါးလာပြီဖြစ်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂံညောင်ဦး ယွန်းပညာကောလိပ်သို့ ရောက်ရှိစဉ် ယွန်းထည်များ ပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

- **ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည်ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်းနည်းပညာသင်တန်း၊ သားရိုးပန်းကြွ ယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန် ယွန်းထည်ပစ္စည်း ထုတ်လုပ်မှုသင်တန်းတို့ ဖြစ်ပါသည်**



"ယွန်းလုပ်ငန်းတွေကတော့ ကိုဗစ်ကာလလောက်ကစပြီး ရပ်ထားတာ အခုချိန်ထိပဲ။ အလုပ်ရုံကြီးတွေလည်း ရပ်၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းလေးတွေလည်း ရပ်။ ယွန်းဈေးကွက်က ဧည့်သည်ကို မှီခိုပြီး လုပ်ရတာဆိုတော့ ဧည့်သည်မလာရင်ထိတာပဲ"

"ရှေးတုန်းကတော့ အိမ်တွေမှာ ယွန်းကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆွမ်းအုပ်၊ ရေခွက်တို့ကို အသုံးပြုကြတော့အရောင်းအဝယ်ကောင်းတာပေါ့။ ၁၉၆၀ ပြည့်နှစ်ကျော်လောက်အထိ မြင်းကပါသားတွေ ၁၂ ပွဲလှည့်ပြီး ရောင်းတာရှိခဲ့တယ်။ အခုတော့ ထိုင်ရောင်း၊ အမှာရှိရင်ပို့ပဲ၊ ၁၂ ပွဲ မလှည့်နိုင်တော့ဘူး။"

"ပုဂံယွန်း အသက်ဆက်နေတာ နိုင်ငံခြား ဧည့်သည်တွေကြောင့်လည်း ပါတယ်။ ပြည်တွင်းဘုရားဖူးတွေကတော့ ပုဂံရောက်တုန်း အမှတ်တရအဖြစ်သာ ဝယ်တာများတော့ တန်ဖိုးကြီး၊ အနုစိတ်တဲ့ အထည်တွေ မရောင်းရဘူး။ ဟိုတယ်တွေ၊ ငွေကြေးတတ်နိုင်သူတွေကတော့ အလှဆင်ဖို့အတွက် ဝယ်တာတွေရှိတယ်။ ဒါကလည်း နည်းပါတယ်" ဟု ပုဂံဒေသရှိ ယွန်းလုပ်ငန်းရှင်များက ပြောကြားခဲ့ပါသည်။

"ဒီနေ့ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ ယွန်းလုပ်ငန်းတွေမှာ အမွေဆက်ခံမယ့် သားသမီးရှားပါးလာခြင်းပါပဲ။ မြင်းကပါက ယွန်းလုပ်ငန်းတွေ မိရိုးဖလာပညာကို အဆင့်ဆင့်လက်ဆင့်ကမ်းခဲ့တာ။ သင်တန်းတွေ ဘာတွေနဲ့ သင်တာမဟုတ်ဘူး။ လုပ်ငန်းခွင်မှာ လုပ်ရင်းသင်ယူရတာပဲ။ မိဘက သင်ပေးတာရှိသလို ဆရာတွေဆီမှာ သင်ပေးပါ။ ခိုင်းပါဆိုပြီး အပ်တာလည်းရှိတယ်။ နွေကျောင်းပိတ်ရက်ဆိုရင် မိန်းကလေးရော ယောကျ်ားလေးပါ ယွန်းပညာသင်ရတာ ထုံးစံပဲ။ အခုနောက်ပိုင်းမှာတော့ ကလေးတွေက ယွန်းသင်တာထက် ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ လုပ်တာ၊ ခရီးသွားလုပ်ငန်းမှာ ဝင်လုပ်တာကို ပိုပြီးစိတ်ဝင်စားတယ်။ ဝင်ငွေလည်း ကောင်းတယ်၊ ယွန်းလုပ်ငန်းလိုလည်း ပညာသင်ရတာ လက်မဝင်ဘူး။ ဒါကြောင့် ယွန်းပညာသင်တဲ့ လူငယ်တွေ မရှိသလောက်ဖြစ်လာပြီ။ အခုဆေးသွင်း၊ ပုံဆွဲလုပ်နေတဲ့သူတွေက အသက် သုံးဆယ်တန်းတွေ၊ သူတို့နောက်မှာ အမွေဆက်ခံမယ့်သူ မရှိတော့ဘူး။ ဒီအတိုင်း ဆက်သွားရင် ယွန်းပညာ မျိုးဆက်ပြတ်တော့မယ်"ဟု လုပ်ငန်းရှင်တစ်ဦး၏ ညည်းတွား ပြောဆိုမှုကို ကြားသိခဲ့ရပါသည်။

**မြန်မာ့ယွန်းပညာနှင့် ယွန်းပညာကောလိပ်**

ကိုလိုနီခေတ်ကတည်းကပင် မြန်မာပညာရှိကြီးများသည် မြန်မာတို့၏လက်မှုပညာ ဆယ်ခုထဲတွင် ပန်းယွန်းဟူသော ယွန်းအတတ်ပညာသည် ပထမဆုံး ပျောက်ကွယ်နိုင်မည်ကို ကြိုတင်ခန့်မှန်းမိကြသဖြင့် ထိုအချိန်တွင် အစိုးရဖြစ်နေသည့် ဗြိတိသျှတို့အား ပုဂံမြို့တွင် ယွန်းပညာ အတတ်သင်ကျောင်းတစ်ခု တည်ထောင်ပေးရန် တောင်းဆိုခဲ့ကြလေသည်။ အစိုးရက ခွင့်ပြုပေးလိုက်သဖြင့် ပုဂံဝန်ထောက်မင်း ဦးတင်သည် ပုဂံမြို့တွင် မြို့ခံများ၊ ယွန်းပညာရှင်များနှင့် ပူးပေါင်းကာ ကိုယ်ထူကိုယ်ထအနေဖြင့် ယွန်းပညာ အတတ်သင်ကျောင်းအား ၁၉၂၄ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့ပါသည်။ နောင်အခါတွင် ထိုကျောင်းအား အစိုးရအဆက်ဆက်က ထောက်ပံ့ပေးခဲ့ကာ ၁၉၉၄ ခုနှစ်တွင် ယွန်းပညာသင်ကျောင်းမှ ယွန်းသိပ္ပံ၊ ၂၀၀၃ ခုနှစ်တွင် ယွန်းသိပ္ပံမှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အစိုးရအဆက်ဆက်က ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော ပန်းယွန်းအတတ်ပညာ မပျောက်ပျက်ရေးအတွက် အထောက်အပံ့ ပေးနေသော်လည်း ယခုအချိန်တွင် မြန်မာ့ယွန်းပညာတတ်မြောက်သူ အရေအတွက်သည် တစ်စတစ်စနှင့် နည်းပါးနေပြီဖြစ်ပါသည်။

ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည် ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်းနည်းပညာ သင်တန်း၊ သားရိုးပန်းကြွ ယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန်ယွန်းထည်ပစ္စည်း ထုတ်လုပ်မှုသင်တန်းတို့ ဖြစ်ပါသည်။

ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ အခြေခံယွန်းပညာသင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာ သင်တန်းသား ၁၄၀၊ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းသား ၁၂၄ ဦး၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်အထူးသင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းသား (တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးအား ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် တစ်ခုအား ထိန်းသိမ်းနိုင်ရန်အတွက် လုံလောက်သည့် ပညာရှင်အရေအတွက်မှာ ရှားပါးနေဆဲပင် ဖြစ်ပါသည်။

**မြန်မာ့ယွန်းပညာ၏ တိုးတက်ပြောင်းလဲလာမှု**

ယွန်းပညာကောလိပ် (ပုဂံ) သည် ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါသည်။

*စာမျက်နှာ ၁၃ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂံညောင်ဦး ယွန်းပညာကောလိပ်သို့ ရောက်ရှိစဉ် ဆရာ ဆရာမများကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ အခြေခံယွန်းပညာ သင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာ သင်တန်းသား ၁၄၀၊ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းသား ၁၂၄ ဦး၊ ယွန်းအတတ်ပညာ ဒီပလိုမာ တစ်နှစ်အထူးသင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်းသား (တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးအား ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံယဉ်ကျေးမှုအမွေအနှစ်တစ်ခုအား ထိန်းသိမ်းနိုင်ရန်အတွက် လုံလောက်သည့် ပညာရှင်အရေအတွက်မှာ ရှားပါးနေဆဲပင် ဖြစ်ပါသည်**

*စာမျက်နှာ ၁၂ မှ*

၁၉၅၃ ခုနှစ် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ယွန်းထည်ထုတ်လုပ်သည့်ဒေသများမှ ယွန်းပညာရှင်များအား ဂျပန်ယွန်းပညာရပ်များကို လာရောက်ပို့ချခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဂျပန်နိုင်ငံ၊ Asian Lacquer Craft Exchange Research Project နှင့် ပူးပေါင်း၍ နိုင်ငံတကာယွန်းပြပွဲများကျင်းပခြင်းနှင့် နည်းပညာဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ယွန်းပညာကောလိပ်နှင့် ဂျပန်နိုင်ငံ Tokyo National Research Institute for Cultural Properties (TNRICP) တို့နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ ယွန်းပြတိုက်အတွင်းမှ ရှေးဟောင်း ယွန်းထည်ပစ္စည်းများ သုတေသနပြုလုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့်ပူးပေါင်း၍ အီတလီနိုင်ငံမှ ဒီဇိုင်းပညာရှင် Ms. Doniela Bulgarelli က ယွန်းဒီဇိုင်းနှင့် ထုတ်ကုန် ဖွံ့ဖြိုးမှုသင်တန်းကို ယွန်းပညာကောလိပ်မှ ဝန်ထမ်းများနှင့် ပုဂံဒေသမှ ယွန်းလုပ်ငန်းရှင်များအတွက် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယွန်းပညာကောလိပ်(ပုဂံ)နှင့် အီတလီနိုင်ငံ၊ Accademia of Fine Arts (Turin) အနုပညာတက္ကသိုလ်တို့သည် လက်မှုအနုပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုအနုပညာ တက္ကသိုလ်နှင့် ပူးပေါင်း၍ နှစ်နိုင်ငံ ယွန်းအနုပညာဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယနေ့အထိ ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများအား နိုင်ငံတကာသို့ ယွန်းပညာရပ်ဆိုင်ရာ ပညာသင်များစေလွှတ်ခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် နှစ်နိုင်ငံအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ဆောင်ချက်များ၏ အကျိုးဆက်အနေဖြင့် မြန်မာ့ယွန်းအတတ်ပညာသည် ရှေးရိုးစွဲပုံစံအတိုင်း မဟုတ်တော့ဘဲ ခေတ်မီနည်းပညာများ၊ နည်းစနစ်များအား အသုံးပြုကာ တစ်စတစ်စနှင့် တိုးတက်ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှသည့် ကုန်ပစ္စည်းတစ်ခုအနေဖြင့် ထုတ်လုပ်တင်ပို့လာနိုင်ခြင်း ဖြစ်ပါသည်။

**အမျိုးသားယဉ်ကျေးမှု လက်မှုအနုပညာနှင့် တန်ဖိုးမြင့်မားမှုအား ထိန်းသိမ်းကြပါစို့**

မြန်မာ့ယွန်းပညာသည် သမိုင်းကြောင်းရှည်လျားလှသော မြန်မာနိုင်ငံနှင့်အတူ ဖြစ်တည်ပေါ်ထွန်းလာသည့် မြန်မာတို့၏ အမျိုးသားလက္ခဏာတစ်ခုပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာနိုင်ငံသားများ တန်ဖိုးထားရမည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် နိုင်ငံတကာ ခေါင်းဆောင်များနှင့် ဩဇာတိက္ကမရှိသောလူများအား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအား ဂုဏ်ယူဝင့်ကြွားစွာ ပြသခဲ့ခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ပုဂံ၊ ညောင်ဦးဒေသဖွံ့ဖြိုးရေး ခရီးစဉ်တွင် ယွန်းပညာကောလိပ်သို့ ကိုယ်တိုင် ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးခဲ့ပြီး ကျောင်း၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့ပါသည်။

မြန်မာ့ယွန်းအနုပညာရပ် အမွေခံကျောင်းသားများအား နိုင်ငံတော်အစိုးရအဆက်ဆက်မှ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ကာ မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပျိုးထောင်လျက်ရှိပါသည်။ ယခင်က




တစ်လလျှင် အများဆုံး ကျပ် ၃၀၀၀၀ အထိသာ ထောက်ပံ့ပေးခဲ့သော်လည်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ယွန်းကောလိပ်သို့ လာရောက်ကြည့်ရှုလေ့လာစဉ် မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များဖြစ်သော ကျောင်းသား ကျောင်းသူများအတွက် တစ်နေ့လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် လစဉ် ကျပ် ၉၀၀၀၀ ကို စားသောက်စရိတ်အဖြစ် ထပ်မံထောက်ပံ့ရန် စီစဉ်ပေးခဲ့သည့်အပြင် ယခင်က ပေးခဲ့သော ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ရန် စီစဉ်ညွှန်ကြားခဲ့ရာ ၂၀၂၅ ခုနှစ် ဇွန်လမှ စတင်ကာ တစ်လလျှင် ကျောင်းသားတစ်ဦးအား ပညာသင် ထောက်ပံ့ကြေးအဖြစ် ကျပ် ၁၅၀၀၀၀ အထိ တိုးမြှင့်ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ပညာထူးချွန်သော ကျောင်းသားများနှင့် နည်းပြဆရာ ဆရာမများအတွက် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ အနုပညာတက္ကသိုလ်များတွင် ယွန်းပညာ ဆက်လက်သင်ကြားနိုင်ရန် ညှိနှိုင်းမှုများ လုပ်ဆောင်ကာ ပညာတော်သင်များ စေလွှတ်ရန်နှင့် ကျောင်းတွင်လည်း ယွန်းထည်ထုတ်လုပ်မှု အတတ်ပညာများကို ဦးစားပေးသင်ကြားနိုင်ရန်အတွက်လည်း လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယွန်းကောလိပ်၏ သမိုင်းကြောင်းအား စနစ်တကျလေ့လာပြုစုရန် လမ်းညွှန်မှာကြားခဲ့ရာ ၁၉၂၄ ခုနှစ်မှ စတင်ကာ ဖွင့်လှစ်ခဲ့သော ယွန်းကောလိပ်၏ နှစ် ၁၀၀ ပြည့် အခမ်းအနားအား ၂၀၂၄ ခုနှစ်တွင် ခမ်းနားစွာ ကျင်းပကာ နိုင်ငံတကာမှ ယွန်းပညာရှင်များကို ဖိတ်ကြား၍ စာတမ်းဖတ်ပွဲများပင် ကျင်းပခဲ့ပါသည်။ ယခုအချိန် အခါသမယသည် မြန်မာတို့၏ ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သော ပန်းယွန်းအတတ်ပညာရပ်ကို နိုင်ငံတော်အစိုးရပိုင်းမှ အင်တိုက်အားတိုက် အားပေးမြှင့်တင် ဖြည့်ဆည်းကူညီကာ ထောက်ပံ့၍ လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ထုတ်ဖော်ပြသ၍ လည်းကောင်း နည်းလမ်းအသွယ်သွယ်ဖြင့် ထောက်ပံ့မြှင့်တင်ပေးနေပြီ ဖြစ်ပါသည်။

အမျိုးသား ယဉ်ကျေးမှုတစ်ရပ်ကို ထိန်းသိမ်းရာတွင် အစိုးရ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ အင်အားချည်းသက်သက်ဖြင့် ထိန်းသိမ်းနိုင်ရန် ခက်ခဲသည်ဖြစ်ရာ အားလုံးပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ မြန်မာ့ယွန်းသည် နိုင်ငံတကာတွင် မျက်နှာပန်းလှနေသော ကုန်ပစ္စည်းတစ်ခုဖြစ်သော်လည်း မူရင်းပိုင်ရှင် ဖြစ်သော မြန်မာနိုင်ငံသားတို့၏ အမြင်ထဲတွင် တန်ဖိုးရှိလှသည်ဟု မမြင်သေးသည့် ယဉ်ကျေးမှု အမွေအနှစ် ဖြစ်နေပါသေးသည်။ ပုဂံသည် မြန်မာတို့၏ နှလုံးသားဟုဆိုသော် ပုဂံဒေသမှ ထုတ်လုပ်သည့် မြန်မာ့ယွန်းထည်များသည် နှလုံးသွေးကြောမျှင်များဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ပုဂံကိုချစ်သော မြန်မာတို့သည် ပုဂံမှထွက်ရှိသော မြန်မာ့ယွန်းထည်များကို ပိုမိုတန်ဖိုးထားမြတ်နိုးကာ ပန်းယွန်းကဲ့သို့ တန်ဖိုးမြင့်မားသော လက်မှုအနုပညာကို မပျောက်ပျက်စေရန် ဝိုင်းဝန်းကူညီထိန်းသိမ်းရန် လိုအပ်နေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ထိုတာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကူညီထိန်းသိမ်းရန် လိုအပ်ကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ။



ယွန်းပညာကောလိပ်၌ သင်တန်းသားများအား ယွန်းပညာရပ်များ သင်ကြားပေးစဉ်။



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အလက်စကာပြည်နယ်၌ တွေ့ဆုံ

**နယူးယောက် ဩဂုတ် ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဩဂုတ် ၁၅ ရက်က အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ် အင်ခိုရေ့ချ်၌ တွေ့ဆုံခဲ့ကြပြီး တိုးတက်မှုများစွာ ရှိသော်လည်း သဘောတူညီချက်မရရှိခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲကို အယ်မင်ဒေါ့ဖ်-ရစ်ချက်ဆင် အခြေစိုက်စခန်းတွင်ပြုလုပ်ခဲ့ပြီး ရုရှားနိုင်ငံခေါင်းဆောင်တစ်ဦးအနေဖြင့် ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်မှစတင်၍ နှစ်နိုင်ငံသမ္မတများအကြား ပထမဆုံးအကြိမ်အဖြစ် မျက်နှာချင်းဆိုင်တွေ့ဆုံခြင်းလည်းဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုနှင့် အထူးသံတမန် စတိဗ်ဝတ်ဖ်ကော့၊ ရုရှားနိုင်ငံဘက်မှ သမ္မတပူတင်၊ နိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗ်ရိုဗ်နှင့် သမ္မတလက်ထောက်ဖြစ်သူ ယူရီယူရှာကော့ဗ်တို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲမှာ နှစ်နာရီခွဲခန့်ကြာမြင့်ခဲ့သည်ဟု သိရသည်။

ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် အမေရိကန်သမ္မတ ထရမ့်က ကြီးမားသည့် တိုးတက်မှုရရှိခဲ့ကြောင်း၊ သို့သော်လည်း တရားဝင်သဘောတူညီမှုမရခဲ့ကြောင်း ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် သတင်းထောက်များရှေ့တွင် ၁၂ မိနစ်ခန့်အတူရပ်ပြီး တိုးတက်မှုများကို အလေးပေးပြောကြားခဲ့ကြသော်လည်း တိကျသော အသေးစိတ်အချက်အလက်များ ပြောကြားခဲ့ခြင်း မရှိချေ။ ကုန်သွယ်ရေးအဆင့်မြင့်နည်းပညာ၊ အာကာသစူးစမ်းလေ့လာရေးနှင့် အာတိတ်ဒေသ အလားအလာများကို ရုရှားသမ္မတ ပူတင်က တို့တွင် ရုရှား-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု အလေးပေးပြောကြားခဲ့သည်။ **ဆင်ဟွာ**




# လာအိုနိုင်ငံ၌ မူလတန်းကျောင်းများတွင် ကလေးသူငယ်များ အကာအကွယ်ပေးရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်

**ဗီယင်ကျန်း ဩဂုတ် ၁၆**

လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ပညာရေး အရည်အသွေးကို မြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် မူလတန်းကျောင်းများ၌ ကလေးသူငယ်များအား အကာအကွယ်ပေးရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးဌာနသည် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆရာ ဆရာမ ၇၃၇ ဦးအား ဇူလိုင်လမှ ဩဂုတ်လအထိ ကလေးသူငယ် အကာအကွယ်ပေးရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း လာအိုပြည်သူ့တပ်မတော်သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

ဆရာ ဆရာမများသည် ဘေးကင်းလုံခြုံသော ဝန်းကျင်တစ်ရပ်ဖန်တီးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထိုကဲ့သို့ ဘေးကင်းလုံခြုံသော ဝန်းကျင်မှာ ကျောင်းသား ကျောင်းသူများ၏ အောင်မြင်မှုအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



# စံချိန်တင် အပူချိန်နှင့် မိုးခေါင်မှုတို့ကြောင့် တူကီယဲမြို့ကြီးများတွင် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

**အစ္စတန်ဘူလ် ဩဂုတ် ၁၆**

အန်ကာရာနှင့် အစ္စတန်ဘူလ်မြို့ကြီးများ အပါအဝင် တူကီယဲနိုင်ငံရှိ မြို့ကြီးများတွင် ပူပြင်းသည့် ရာသီဥတုနှင့် မိုးခေါင်မှုတို့ကြောင့် သောက်သုံးရေ သို့လှောင်မှု သိသိသာသာ လျော့ကျမှုနှင့် ကြုံတွေ့နေရသည်ဟု တူကီယဲမီဒီယာတွင် ဩဂုတ် ၁၅ ရက်က ဖော်ပြခဲ့သည်။

ဩဂုတ်လအတွင်း အစ္စတန်ဘူလ်ဆည်များတွင် ရေပြည့်မှုနှုန်းမှာ ၄၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းလာကြောင်း၊ ဆည်အတွင်း ကျန်ရှိသည့် ရေပမာဏသည် နိုင်ငံရှိ အကြီးဆုံးမြို့အတွက် လေးလခန့်သာ လုံလောက်မှုရှိကြောင်း တူကီယဲ ရုပ်သံလွှင့်ဌာန အင်န်တီဗွီတွင် ဖော်ပြထားသည်။

အန်ကာရာတွင် ဆည်များ၏ရေပြည့်မှုပမာဏမှာ ၃၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းလာကြောင်း၊ မြို့အတွက် သုံးလခန့်သာ ရေပမာဏ ကျန်ရှိတော့ကြောင်း၊ ဩဂုတ် ၁၂ ရက်အထိ တူကီယဲနိုင်ငံတစ်ဝန်း ဆည်ရေသိုလှောင်မှုပမာဏမှာ ၃၉ ဒသမ ၈ ဘီလီယံ ကုဗမီတာသာရှိတော့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တူကီယဲနိုင်ငံသည် ယခုနှစ်တွင် အလွန်ပူပြင်းခြောက်သွေ့သည့် နွေရာသီနှင့် ကြုံတွေ့နေရပြီး ဇူလိုင်လအတွင်း အမြင့်ဆုံး အပူချိန် ၅၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်တင်ခဲ့သည်။ ပြင်းထန်သည့်အပူချိန်နှင့် မိုးခေါင်မှုတို့ကြောင့် နိုင်ငံတစ်ဝန်း တောမီးများ ပျံ့နှံ့လောင်ကျွမ်းခဲ့သည်။

အဆိုပါ တောမီးများကြောင့် လူ့အသက်ဆုံးရှုံးမှုဖြစ်ပေါ်ကာ ဘေးလွတ်ရာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ရသည်။

**ဆင်ဟွာ**

# ကနေဒါနိုင်ငံ၌ တောမီးငြိမ်းသတ်စဉ် ရဟတ်ယာဉ်တစ်စင်း ရေကန်အတွင်း ပျက်ကျ

**အော့တဝါ ဩဂုတ် ၁၆**

ကနေဒါနိုင်ငံ အရှေ့တောင်ပိုင်း ပြည်နယ် နိုဗာစကော့တီယာ၌ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက တောမီးငြိမ်းသတ်နေသည့် ရဟတ်ယာဉ်တစ်စင်း ရေကန်အတွင်းသို့ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ လေယာဉ်မှူးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာက ဖော်ပြထားသည်။

ရဟတ်ယာဉ်မှာ အင်နာပိုလစ်ဒေသ၌ မီးငြိမ်းသတ်နေစဉ် ရေတိမ်အတွင်း ပျက်ကျခဲ့ကြောင်း ပြည်နယ်သယံဇာတဦးစီးဌာနကို ကိုးကားပြီး စီဘီစီသတင်းက ဖော်ပြထားသည်။

ကနေဒါနိုင်ငံ၌ မိုးကြိုးပစ်ခြင်းကြောင့် ဩဂုတ် ၁၃ ရက်မှစကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်၌ နေ့စဉ်လူနာရာချီ ဆေးဝါးကုသမှုပေးနိုင်မည့် နိုင်ငံတကာဆေးရုံဖွင့်

**ကဘူးလ် ဩဂုတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ခေတ်မီသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် နိုင်ငံတကာဆေးရုံတစ်ရုံ ဖွင့်လှစ်ခဲ့ကြောင်း တရားဝင် Bakhtar သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

အဆိုပါ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုများကိုမြှင့်တင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဆေးရုံဖွင့်ပွဲအခမ်းအနားတွင် အာဖဂန်ကြားဖြတ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပြောသည်။

ထို့အပြင် နိုင်ငံရပ်ခြားသို့ထွက်ခွာပြီး ဆေးဝါးကုသမှုခံယူသူ လူနာအရေအတွက်ကိုလည်း သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံအထွေထွေညွှန်ကြားရေးမှူး ဒေါက်တာဖာရစ်အာမက်အီဂျက်ဇ်က အဆင့်မြင့်နည်းပညာများ တပ်ဆင်ထားသော အဆိုပါဆေးရုံသည် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများပေးရန်နှင့် နေ့စဉ်လူနာရာချီကို ဆေးဝါးကုသမှုပေးရန် ရည်ရွယ်ကြောင်း ပြောသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ အရှေ့ကမ်းရိုးတန်းအနီး ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဆစ်ဒနီ ဩဂုတ် ၁၆**

ဩစတြေးလျနိုင်ငံ အရှေ့ကမ်းရိုးတန်းအနီး ဩဂုတ် ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၉ မိနစ်က ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဩစတြေးလျ ဘူမိသိပ္ပံက ပြောကြားသည်။

ငလျင် ဗဟိုချက်မှာ ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းပြည်နယ် ဘရစ်ဘိန်းမြို့၏ မြောက်ဘက်ကီလိုမီတာ ၂၅၀ နှင့် နိုအိုဆာဒေသ၏ အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာတွင် တည်ရှိပြီး ငလျင်အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း ဩစတြေးလျ ဘူမိသိပ္ပံက ထုတ်ပြန်ထားသည်။

ကွင်းစ်လန်းပြည်နယ် ရော့ဟမ်ပ်တန်မြို့ မြောက်ဘက်နှင့် နယူးဆောက်ဝေးလ်ပြည်နယ် ဂုလန်းအင်နက်စ်မြို့ တောင်ဘက်တို့အထိ ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားရကြောင်း ပြည်သူများက ပြောကြားသည်။

ဩစတြေးလျနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် ဘရစ်ဘိန်းမြို့ရှိ လိုင်းများအားလုံး၏ ဝန်ဆောင်မှုများကို အနှေးဆုံးနှုန်းဖြင့် ပြေးဆွဲလျက်ရှိပြီး ရထားများလည်း ၁၅ မိနစ်ခန့် နှောင့်နှေးခဲ့ရကြောင်း ကွင်းစ်လန်း မီးရထားကုမ္ပဏီက ပြောကြားသည်။

**ဆင်ဟွာ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ရဝမ်နှစ်ခြင်းအသင်းတော် ယာယီတိမ်းရှောင်စခန်း အိမ်ထောင်စုများနှင့် မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာများသို့ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၁၆

**ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ယာယီတိမ်းရှောင်ပြည်သူများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးနှင့် မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ရေးဂေဟာများရှိ ကလေးငယ်များ အဆင်ပြေစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် (ကြာရာပတ္တီး-အေ) အတွင်းရှိရဝမ်နှစ်ခြင်းခရစ်ယာန် အသင်းတော်ပိုင်ဝင်းအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ယာယီတိမ်းရှောင်စခန်းရှိ အိမ်ထောင်စု ၅၇ စုအတွက် စုစုပေါင်းငွေကျပ် ၅၇၉၆၉၀၀ တန်ဖိုးရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့သည့် ဆန်၂၄ ပြည်အိတ် ၅၇အိတ်၊ ဆီ ၅၇ ပိဿာ၊ ကြက်ဥများနှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ် ၅၇ သိန်းကို ထောက်ပံ့ပေးအပ်၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တပ်ကုန်း (အင်ဂျန်ဒုံ - မြောက်) ရပ်ကွက် နယ်မြေ(၈)အတွင်းရှိ မေတ္တာရင်ခွင် မိဘမဲ့ကလေးများဂေဟာသို့ သွားရောက်ပြီး ဆန် ၂၄ ပြည်အိတ် ၅၀၊ ဆီပိဿာ ၅၀ နှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Great Happy Land မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးကျောင်းသို့ သွားရောက်၍ ဆန် ၂၄ ပြည်အိတ် ၃၀၊ ဆီပိဿာ ၃၀ နှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ကလေးများ၏ ချီးမွမ်းသီချင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်
(မြန်/ဆက်)




# အခြေခံပညာကျောင်းများနှင့် မြို့နယ်ကျန်းမာရေးဌာနတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အပါအဝင် မြို့နယ် ၁၆ မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဘန့်ဘွေး)၊ အခြေခံပညာမူလတန်းကျောင်း(ဘန့်ဘွေး)နှင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ECCD မူလတန်းကြိုကျောင်း(ဘန့်ဘွေး)တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ မြို့နယ်ကျန်းမာရေးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပူတာအိုမြို့၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်

ပူတာအို ဩဂုတ် ၁၆

ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ပူတာအိုစာစစ်ဌာနမှ Grade-12 တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ရဝမ်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ် ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက အမှာစကားပြောကြားပြီး ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်ရှိ ရှာလင်အသင်းတော်လူငယ်များက ရဝမ်ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း နာယက ဦးရယ်ဒမ်းတန်က အားပေးစကား ပြောကြားပြီး မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း နာယက၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပူတာအိုစာစစ်ဌာနမှ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ရဝမ်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင် လူရည်ချွန်ရွေးချယ်ခံရသော အထက(ဒုတ္တန်) ကျောင်းသား နှစ်ဦးအား ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်နှင့်လည်ဆွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀ နှင့် ရိုးရိုးအောင်မြင်သူ ၆၇ ဦး စုစုပေါင်း ၉၃ ဦးအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

# (၂၆)ကြိမ်မြောက် ဂျပန်ဘာသာစကားပြောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးသည် ဂျပန်ဖောင်ဒေးရှင်း၊ ရန်ကုန်ဂျပန်ယဉ်ကျေးမှုစင်တာ၊ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA)တို့နှင့် ပူးပေါင်း၍ (၂၆)ကြိမ်မြောက် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် အသက် ၁၆ နှစ်မှ ၃၀အတွင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်၊ ဂျပန်ဘာသာသင်ကြားနေသော ဆရာ ဆရာမ မဖြစ်ရ (အချိန်ပိုင်းနှင့် လုပ်အားပေးသူများမပါ။)၊ ယခင်ကျင်းပခဲ့သော ဂျပန်ဘာသာစကားပြောပြိုင်ပွဲများတွင် ဆုရရှိထားသူ မဖြစ်ရဟု သတ်မှတ်ထားသည်။

လျှောက်လွှာများကို Google Form Link https://docs.google.com/forms/d/e/1FAIpQLSfAPQKsaOJ1lOyrAlgpoFZUfNumJSurTg6oXlWqtPU4oP3rw/viewform တွင် ဖြည့်စွက်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၁၄ ရက် မှ ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီအထိ ပေးပို့လျှောက်ထားနိုင်သည်။ ပဏာမအဆင့် ရွေးချယ်ခံရသူများကို ဆက်သွယ်အကြောင်းကြားပြီး ရွေးချယ်ခံရသူများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည့် ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲအကြောင်းအသေးစိတ်ကို Homepage https://www.mm.emb-japan.go.jp/.../speechcontest mm2025.html မှတစ်ဆင့် ကြည့်ရှုနိုင်ကာ ဂျပန်ဘာသာစကားပြောပြိုင်ပွဲနှင့်ပတ်သက်ပြီး ပါဝင်ယှဉ်ပြိုင်ရမည့်သူများကို တိုက်ရိုက်ဆက်သွယ် အကြောင်းကြားမည် ဖြစ်သည်။

ပထမဆုရရှိသူသည် ဂျပန်နိုင်ငံတွင် ဆက်လက်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ ဂျပန်ဘာသာစကားပြောပြိုင်ပွဲ ဆုရရှိသူများနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၂၄ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ကိုးဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ကိုးဦးအား ငှက်ဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၅၂ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။(ယာပုံ) ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၉ ဦးတို့ကို ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❑ *ကျောဖုံးမှ*

ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစောဝင်းကိုက ပြောပြသည်။

တောင်သူများ စပါးစိုက်ပျိုးရာ၌ လုပ်အားကုန်ကျမှုစရိတ်များ၊ မျိုးစေ့စရိတ်များ သက်သာစေရန်နှင့် စပါးအထွက်နှုန်းများ တိုးတက်လာစေရန်အတွက် ဧက ၁၀၀ စံပြစိုက်ခင်းတွင် စိုက်ပျိုးနည်းစနစ်များအား သက်ဆိုင်ရာကွင်းအလိုက် ဒေသခံတောင်သူများကို အသိပညာပေးလက်တွေ့စိုက်ပျိုးပြသပေးလျက်ရှိသည်။ မိုးစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်ကာ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ဖြူး ဩဂုတ် ၁၆**

ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် ဖြူးမြို့ပေါ် မြို့မ(၁)၊ မြို့မ(၂)အလက(ခွဲ) ကျောင်းများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖြူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ငှက်ဖျားဌာနမှ ဦးဇော်လင်းမောင် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ပေါက်ပွားမှုမရှိစေရေး ကျောင်းဝင်းအတွင်းရှိ ရေလှောင်ကန်များအား ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်း**(အောက်ပုံ)** နှင့် အသိပညာပေးနှိုးဆော်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ဖြူးမြို့နယ်အတွင်း ကျောင်းပေါင်း ၂၁ ကျောင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၆**

စစ်ကိုင်းပညာရေး တက္ကသိုလ်၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က အဆိုပါတက္ကသိုလ်ရှိ သင်တန်းခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်း၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ /ဌာနမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသားသင်တန်းသူ ၆၁ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဦးထွန်းလင်းက သင်တန်းပို့ချခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး(ယာပုံ) စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။



ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ စသည့် ဘာသာရပ်များ ပို့ချခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၂၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရုံးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်က လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်သီတာဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးငွေစာရင်း ရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားပြီး အသင်းဖွဲ့စည်းပုံ ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းဟန်က အချက်(၄)ချက်ပါ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ရေးကို တင်ပြပြီး အတည်ပြုချက်များ ရယူခဲ့သည်။

အစည်းအဝေး ဒုတိယပိုင်းတွင် ၂၀၂၅-၂၀၂၈ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်များကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရာအသင်းဥက္ကဋ္ဌ ဦးလှမော်မြင့်မောင်၊ အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်၄၀နှင့် အမှုဆောင် ၇၅ ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **မျိုးမင်းသူရ**

◆*ကျောဖုံးမှ*

ဖရင်ပေါင်၊ ကာကက်ဇ်၊ ဝစ်ဇ်၊ အီကီတီကဲစသည့် ကစားသမားသစ်များကို ပွဲထွက်ကစားသမားများအဖြစ် အသုံးပြုလာသော လီဗာပူးအသင်းသည် တိုက်စစ်ပိုင်း ထက်မြက်မှုရှိခဲ့သော်လည်း ခံစစ်ပိုင်းက ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ထိန်းချုပ်နိုင်စွမ်းမရှိခဲ့ပေ။ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးရန် နီးကပ်ခဲ့သော်လည်း လီဗာပူးအသင်းမှ လူစားဝင်ကစားသမား ချီယေဆာက အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သလို အဓိကတိုက်စစ်ကစားသမား ဆာလာကလည်း အသင်းအတွက် အဆုံးသတ်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

လာမည့်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဩဂုတ် ၂၆ ရက်တွင် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် ဘုန်းမောက်အသင်းက ဩဂုတ် ၂၃ ရက်တွင် ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ငါးဂိုး-နှစ်ဂိုး၊ Divine အသင်းက Thunder Tigresses အသင်းကို ငါးဂိုး-နှစ်ဂိုး၊ YRG အသင်းက ရန်ကုန်စီးတီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် YRG အသင်းက ရမှတ် ၃၈ မှတ်ဖြင့် ရှုံးပွဲ မရှိဘဲ ချန်ပီယံဆုရယူနိုင်ခဲ့ပြီး Divine အသင်းနှင့် Thunder Tigresses အသင်းတို့ ရမှတ် ၂၈ မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် Divine အသင်းက ဒုတိယ၊ Thunder Tigresses အသင်းက တတိယဆုရရှိသည်။ ယင်းအသင်းများနောက်တွင် အား/ကာသိပ္ပံအသင်းက ၁၉ မှတ်၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၅ မှတ်၊ Winner Generations အသင်းက ၁၂ မှတ် ရရှိကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးဆု အသင်းဆုရရှိခဲ့သော မင်္ဂလာဒုံစီးတီးအသင်းက ဆုဖလားနှင့်ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရရှိသော YRG အသင်းမှ သရဖီအောင်ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသော YRG အသင်းမှ မေဇင်ဦးကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲအပြီးတွင် စတုတ္ထဆုရရှိသော အား/ကာသိပ္ပံအသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆုရရှိသော Thunder Tigresses အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရရှိသော Divine အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀၊ ပထမဆုရရှိသော YRG အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

**သော်လေး၊ ဓာတ်ပုံ-MFF**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၁၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ထို့နောက် တက္ကသိုလ်စာကြည့်တိုက်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ ပါမောက္ခနေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တက္ကသိုလ်အုတ်တံတိုင်း ခြံစည်းရိုးတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်နယ်မြေစိမ်းလန်းသာယာလှပရေး အရိပ်ရပင်များနှင့် ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်သန်အောင်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဌာနဆိုင်ရာရုံးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုအားပေး

စစ်တွေ ဩဂုတ် ၁၆

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာရုံးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝန်ထမ်းများက ရုံးတွင်း၊ ရုံးပြင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရုံးအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ)**



ထို့နောက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ရုံးရှေ့၌ ဝေလငါး၏အရိုးစုကို ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများလေ့လာနိုင်ရန် စနစ်တကျခင်းကျင်းပြသထားရှိမှုနှင့် အဆိုပါရုံးခန်းမအတွင်း ငါးဆေးထိုးသားဖောက်သင်တန်း စာတွေ့လက်တွေ့ ပို့ချပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး သင်တန်းတွင် ပါဝင်တက်ရောက်ဆွေးနွေးကြသည့် စစ်တွေတက္ကသိုလ် သတ္တဗေဒဌာနနှင့် အဏ္ဏဝါသိပ္ပံဌာနတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သင်တန်းသားသင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးထိုး၍ သားဖောက်ထားသောငါးများမှ ငါးသားပေါက်များ ရှင်သန်ကြီးထွားနေမှု၊ စစ်တွေတက္ကသိုလ် သတ္တဗေဒဌာနနှင့် အဏ္ဏဝါသိပ္ပံဌာနတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငါးလုပ်ငန်းဦးစီးဌာန ခြံဝင်းအတွင်း ငါးမွေးကန်တွင် ငါးများမွေးမြူနိုင်ရန် ရေများကို အရည်အသွေးစစ်ဆေးနေမှုတို့ကိုကြည့်ရှုအားပေးပြီး ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးမွေးကန်များ ဆက်လက်တိုးချဲ့ ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများနှင့်ဆွေးနွေးသည်။

ဆက်လက်၍ စစ်တွေမြို့နယ်၌ တစ်ပိုင်တစ်နိုင် ငါး၊ ပုစွန်သားဖောက်စခန်း တည်ဆောက်ရန်အတွက် ဆောင်ရွက်မည့်အစီအမံများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပေးကာ စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဗုဒ္ဓါမော် ဘုန်းတော်ကြီးကျောင်းမှ မြင်းစီးပြိုင်လမ်းအထိ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျေးရွာသစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တောင်သူများအနေဖြင့် အတွေးအခေါ်အသစ်၊ ခံယူချက်အသစ်များဖြင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

**ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများ ခေါင်းစဉ်ဖြင့် (၇၉)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူများ၏အကျိုး ရှေးရှုကာ ယခုကဲ့သို့ နည်းပညာဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ သုတေသန၊ စိုက်ပျိုးပညာပေးနှင့်တောင်သူတို့ တစ်နေရာတည်းတွင် ချိတ်ဆက်ဆွေးနွေးနိုင်ကာ တောင်သူများ၏အခက်အခဲကို သိရှိပြီး ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာသစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တောင်သူများအနေဖြင့် စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်အသစ်၊ ခံယူချက်အသစ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ AERDTC ကျောင်းအုပ်ကြီးက ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများခေါင်းစဉ်ဖြင့် စီမံကိန်းနောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးကော်မတီများ၊ စီမံကိန်းကျေးရွာများ သတ်မှတ်ရွေးချယ်ခြင်း၊ စီမံကိန်းကာလအတွင်း ဆောင်ရွက်မှု၊ စီမံကိန်းလွန်ကာလအတွင်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာများ၊ ကျောင်းသား ကျောင်းသူများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူများက zoom point ၁၀၀ မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






# မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ညောင်ရွှေ ဩဂုတ် ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု မြို့နယ်အဆင့်အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးနှင့်မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## စေတနာသွေးသန့်သွေးလှူရှင်များ၏ အကြိမ် ၂၀ မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၆

ကချင်ပြည်နယ် စေတနာသွေးသန့် သွေးလှူရှင်များအသင်း၏ အကြိမ် ၂၀ မြောက် စေတနာသွေးသန့် သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မြစ်ကြီးနားမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်ဌာန၌ ယမန်နေ့နံနက်ပိုင်းကကျင်းပရာ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း တက်ရောက်အားပေးသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်း၊ ဆေးရုံအုပ်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်စေတနာသွေးသန့် သွေးလှူရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွေးလှူဒါန်းပေးနေကြသော စေတနာသွေးသန့် သွေးအလှူရှင်များအား ကြက်ဥ၊ အာဟာရမှုန့်နှင့် အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ငွေကျပ် ငါးသိန်းနှင့် ပြည်နယ်စေတနာသွေးသန့် သွေးလှူရှင်များအသင်းအတွက် ငွေကျပ် ငါးသိန်းကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ကျွန်းစုမြို့၌ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးတိုက်ကျွေး

ကျွန်းစု ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးတိုက်ကျွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်အမှတ် (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ဗီတာမင်အေဆေးကို ကလေးငယ်များအတွက် အာဟာရချို့တဲ့မှုများမှ ကင်းဝေးပြီး အာဟာရပြည့်ဝ၍ ကိုယ်ခန္ဓာဖွံ့ဖြိုးကာ ကျန်းမာသန်စွမ်းစေရေးအတွက် ခြောက်လလျှင်တစ်ကြိမ် ပုံမှန်တိုက်ကျွေးပေးလျက်ရှိရာ အဆိုပါရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမများက ကလေးငယ်များအား ဖွံ့ဖြိုးကြီးထွားမှုကို တိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ဗီတာမင်အေဆေးကို တိုက်ကျွေးပေးသည်။

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ ဩဂုတ်လတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

## မုံ့ရွာမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိရေး ထောက်ပံ့ပစ္စည်းပေးအပ်ပွဲနှင့် နည်းပညာပေးသင်တန်း ကွင်းသရုပ်ပြပွဲများကျင်းပ

မုံ့ရွာ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံ့ရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြို့နယ်အတွင်းရှိ တောင်သူများအတွက် မိုးရာသီ သီးနှံစိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲနှင့် နည်းပညာပေးသင်တန်း ကွင်းသရုပ်ပြပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူးက လယ်ယာမြေဥပဒေများကို လည်းကောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးက ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ်များ၊ ဝါမျိုးစေ့အိတ်များအပြင် တောင်သူ စက်သုံးဆီများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ဆက်လက်၍ သင်တန်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်နှင့် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများက သဘာဝမြေဆွေးနှင့်သဘာဝရွက်ဖျန်းအားဆေး ပြုလုပ်နည်း၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းများ ရှင်းလင်းပြသမှုတို့ကို တောင်သူများက ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လာသည့်ဒေသခံတောင်သူ ၈၀ အား တောင်သူနည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၁၆

နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်များ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများ အခွန်ကိုလိုလားကြည်ဖြူစွာ ထမ်းဆောင်လာစေရေးအတွက် အခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်

မြင်းခြံ ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဇင်မာသန်းထွန်းတို့က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများပြုလုပ်ပေးခြင်းနှင့် မြို့နယ်အတွင်း ကျောင်းကျန်းမာရေးလှုပ်ရှားမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**





## နယ်လှည့်ဆေးကုသအဖွဲ့ သုံးခွမြို့နယ်သို့ ကွင်းဆင်းကုသပေး

သုံးခွ ဩဂုတ် ၁၆

ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်မှ ဦးဆောင်သည့် နယ်လှည့်ဆေးကုသအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျေးရွာနေပြည်သူများအား ကွင်းဆင်းကုသပေးသည်။

အဆိုပါနယ်လှည့်ဆေးကုသမှုအဖွဲ့သည် အထွေထွေရောဂါ၊ အရိုး/အကြောရောဂါ၊ ခွဲစိတ်ရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါတို့ကို ဒေသခံ ၁၀၁ ဦးအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ ကျောင်းတွင်းလက်မှုပညာပြိုင်ပွဲ ကျင်းပ

မိုင်းပျဉ်း ဩဂုတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်းလက်မှုပညာပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်း စာသင်ဆောင်ခန်းမ၌ ကျင်းပသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားပြောကြားသည်။ ထို့နောက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အုပ်စုလိုက်နှင့် တစ်ဦးချင်း ပန်းအိုးအလှထိုးခြင်း၊ ချည်ထိုးပန်းထိုးခြင်း၊ ပန်းကြယ်သီးထိုးခြင်း၊သိုးမွေးထိုးခြင်း၊ ဖျာရက်လုပ်ခြင်း၊ ရွှံ့အိမ်ဆောက်ခြင်း၊ လက်ရက်ခြင်းတောင်း ပြုလုပ်ခြင်း၊ နံရံကပ်စက္ကူဖြင့် အလှဆင်ခြင်း၊ ဖုန်သုတ်တံပြုလုပ်ခြင်းနှင့် ရောင်စုံစက္ကူ ပန်းအိုး/ပန်းခြင်းပြုလုပ်ခြင်း စသည့် လက်မှုပညာပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ဘူရှီးကျေးရွာအနီးတွင် လော်စေး မောင်းနှင်လာသော ဆိုင်ကယ်၊ ကျဖီး မောင်းနှင်လာသော ဆိုင်ကယ်၊ ကျပေါ မောင်းနှင်လာသော ဆိုင်ကယ်နှင့် မောင်ရှည်(ခ)မောရှည် မောင်းနှင်လာသော ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ လေးဦးသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၆၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် သတင်းအရ ဘားအံမြို့နယ် ဇာသပြင် တံတားအနီး၌ ဘားအံမြို့နယ် ကျားကလေးကျေးရွာဘက်မှ မော်လမြိုင်မြို့ဘက်သို့ အေးဝင်း မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ်သိန်း ၁၈၀) ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) ဝေါ်နိမ့်ကျေးရွာ အထွက်လမ်းပေါ်တွင် ဝေါ်နိမ့်ကျေးရွာအတွင်းမှ လမ်းလျှောက်ထွက်လာသူ အောင်ကျော်ထွန်း(ခ) မော်ချူး(ခ)အားချာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၁ သိန်း) ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



တရားခံ ကျပေါ၊ မောင်ရှည်(ခ)မောရှည်၊ ကျဖီးနှင့် လော်စေးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် မဒွေါပင်ကျေးရွာအနီး၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ကျွန်း ၃၄၀၊ ပိတောက် ၁၀၀ နှင့် ပျဉ်းကတိုး ၁၀၀ တို့ကို စိုက်ပျိုးပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကန်လှ-ဥသျှစ်လှိုင်းလမ်းမှ ရိုးအင်းရွာအနီးတွင် နေပြည်တော် လမ်းကြီးကြပ်ရေးဦးစီးဌာနမှ Box Culvart တည်ဆောက်နေမှုနှင့် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစု အနောက်ရွာတွင် ပလွေးချောင်း ကမ်းပါးပြိုခြင်းမှ ကာကွယ်ရန်အတွက် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရှည်ပေ ၁၆၀၀ ရှိ ရေကာတန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ရှမ်းစုကျေးရွာ ကွင်းအမှတ် ၁၈၄၄၊ တောင်သူ ဦးကိုရီ၏ လယ်မြေငါးကေတွင် နွေစပါး ရိတ်သိမ်းပြီးကျန်ရှိသည့် ရိုးပြတ်များ အမြန်ဆွေးမြည့်စေရန်အတွက် EM ဖျော်ရည် ဖျန်းပက်နေမှုကို ကြည့်ရှုပြီး **(အပေါ်ပုံ)** ကြို့ပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းဥပဓိရုပ်နှင့် ပတ်ဝန်းကျင်သာယာလှပရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စာသင်ကြားနိုင်ရေး၊ တန်းစဉ်မပျက် ပညာဆက်လက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**လပွတ္တာ ဩဂုတ် ၁၆**

လပွတ္တာမြို့ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားခြင်း၊ လပွတ္တာခရိုင် ပညာရေးမှူး ဦးသန်းမောင်က အမှာစကား ပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး (၁) ဦးထွန်းထွန်းဦးက မကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောခြင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး (၁) ဒေါ်ဘေဘီမို့က သွေးလွန်တုပ်ကွေးရောဂါ၊ ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် ပျိုရွယ်သူကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ အခမ်းအနားသို့ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့များ၊ လပွတ္တာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိအိနွယ်နှင့်အဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၄၀၃၆၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ၁၀ လက်မ လည်ချောင်းပိုက် ၂၂ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၅၇ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကွင်း စိန်ရတနာကားဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၉၇၆)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးနှင့် King Long Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၀၈၉၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၃၉ တန်၊ သစ်မာ ၁ ဒသမ ၅၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၇၉၇၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus တစ်စီး၊ Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၈၄၁၉၇၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၃၀၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၃၀၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၆၀၄၉၆၅၂)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မမွေးမွေးသန့် [၆/မမန(နိုင်)၁၈၀၄၃၃] နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသူ ဦးကျော်ခိုင်[၁၄/ကကန(နိုင်)၀၇၇၉၉] နှင့် ဒေါ်ခင်မေလွင်(၁၄/ကကန (နိုင်)၀၀၃၉၃၆)တို့၏သားဖြစ်သူ မောင်ကောင်းထက်ဟိန်း၁၄/ကကန(နိုင်)၁၃၁၈၅၂]သည် မမွေးမွေးသန့် [၆/မမန(နိုင်)၁၈၀၄၃၃) နှင့် အိမ်ထောင်ကျပြီး လင့်ဝတ္တရားများနှင့်အညီ ဇနီးမယားပေါ်တွင် တာဝန်ကျေပွန်သူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ များတို့သည် မမွေးမွေးသန့်အား သားသမီးအရင်းသဖွယ် ဂရုတစိုက်ပြုမူ စောင့်ရှောက်ခဲ့ပါသော်လည်း မမွေးမွေးသန့်သည် ၎င်းတို့အပေါ် စိတ်ဆင်းရဲမှုမျိုးစုံပေးလျက် နေအိမ်မှ အကြောင်းမဲ့ဆင်းသွားပါသည်။ ထို့ပြင် မမွေးမွေးသန့်သည် မောင်ကောင်းထက်ဟိန်း အကျပ်အတည်းကြုံချိန်တွင် ဖေးမကူညီဆောက်ရွက်ခြင်းများ အလျဉ်းမရှိသည့်အပြင် မယားဝတ္တရားများကို အလုံးစုံပျက်ကွက်ပြီး (၂၀၂၃)ခုနှစ်မှစ၍ ယနေ့အချိန်အထိ မောင်ကောင်းထက်ဟိန်းအား အကြောင်းမဲ့ စွန့်ခွာစွန့်ပစ်သွားပါသည်။

သို့ဖြစ်ပါ၍ မောင်ကောင်းထက်ဟိန်းသည် မမွေးမွေးသန့်၏ စွန့်ပစ်မှုကို ခံယူပြီး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် ၎င်း၏ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နှင့် ၎င်း၏ ဇနီးမယားမဟုတ်တော့ပါကြောင်းကို မိဘဖြစ်သူကျွန်ုပ်မိတ်ဆွေများကိုညွှန်ကြား၍ အများသိစေရန်အသိပေးအပ်ပါသည်။ နောက်နောင်တွင် မမွေးမွေးသန့်နှင့်ပတ်သက်ဆက်နွှယ်သက်ဆိုင်သော မည်သည့်ကိစ္စအဝဝကိုမျှ ၎င်းတို့မှတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းကို ကာယကံရှင်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေများအပေါ်တွင်ဂုဏ်သရေညှိုးနွမ်းစေခြင်း သို့မဟုတ် အမျိုးမျိုးသော နှောင့်ယှက်မှုများ ပြုလုပ်ဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းကိုလည်း အများသိစေရန် ထပ်လောင်း အသိပေးကြေညာ အပ်ပါသည်။

**ဦးကျော်ခိုင်နှင့် ဒေါ်ခင်မေလွင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဗိုလ်ငြိမ်းတိုး၊ အထက်တန်းရှေ့နေ(စဉ် – ၅၃၇၇၉)**
**မဟာမြိုင်ရပ်ကွက်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း – ၀၉-၈၇၆၄၆၆၈၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL11)၊ အခန်းအမှတ်(၂၂၁)၊ တိုက်ခန်းအမျိုးအစား (3-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၈၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးထက်ဝေမင်း ၁၂/ဗဟန (နိုင်)၀၉၀၃၃၀ နှင့် ဒေါ်နှင်းပွင့်လွင် ၁၂/ပဘတ(နိုင်)၀၃၁၁၀၂ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲသက်နိုင် ၁၂/ရကန(နိုင်)၀၆၃၃၂၀**
**ဒေါ်ခိုင်ဇာမောင် ၁၂/တမန(နိုင်)၁၀၆၅၃၈**
**ဖုန်း-၀၉-၅၀၃၀၅၈၀၊ ၀၉ -၅၀၇၉၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၈၈၊ မြေကွက်အမှတ် – ၉၃(က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးတင်ငွေ အမည်ပေါက်သည့်ပါမစ်(မူရင်း) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်ငွေ၏ ဆက်ခံသူ(ဇနီး) ဒေါ်ခင်ခင် ၁၂/တမန(နိုင်)၀၃၉၁၄၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နေဝါဝင်းမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၂၆၁၅)**
**အမှတ်–၄၆၉၊ ဆည်တော်လမ်း၊ ၁၃ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၀၄၅၀၆၆**

## ဦးသိန်းစိုး (၁၂/အလန(နိုင်)၀၄၀၄၁၄) နှင့် အများသိစေရန်

ဦးသိန်းစိုး(ဘ–ဦးသောင်းရွှေ) နေရပ်အမှတ်–၁၃၇၆/က၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူသည် ဖခင်ဖြစ်သူဦးသောင်းရွှေ နှင့် မွေးချင်းမောင်နှမများ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန်နှင့် ပတ်ဝန်းကျင်တွင် အရှက်တကွဲဖြစ်စေရန် အကြိမ်ကြိမ်ပြုမူနေမှုကြောင့် ဖခင် ဦးသောင်းရွှေမှ ဦးသိန်းစိုးအပါအဝင် ၎င်း၏မိသားစုအား အမွေခံသားအဖြစ်မှလည်းကောင်း၊ မောင်နှမများမှလည်း မွေးချင်းမောင်နှမ သွေးသားစာရင်းမှလည်းကောင်း ပယ်ဖျက်ပြီးဖြစ်၍နောက်နောင်ဦးသိန်းစိုးနှင့် ၎င်း၏ မိသားစုဝင်များနှင့်စပ်လျဉ်း၍ ဖခင်ဦးသောင်းရွှေနှင့်သော်လည်းကောင်း ကျန်မောင်နှမများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် မည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းပေးတော့မည် မဟုတ်ကြောင်း အစ်မကြီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၁၂/အလန(နိုင်)၀၁၉၈၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသိန်းစိုးနှင့်အများသိ စေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်သင်းဝေဝေဖြိုး | ဒေါ်မြသီတာဦး |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၇၃) | အထက်တန်းရှေ့နေ (စဉ်–၅၅၈၇၁) |

**အမှတ်–၁၀၅၊ ခေမာသီ(၄)လမ်း၊ (ဆ)ရပ်ကွက်)၊ (ဈ) ဈေးအနီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၄၈၄၂၉၉၂၆၊ ၀၉–၇၄၀၀၂၂၈၁၁**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက် ၊ မြောင်းမြလမ်း၊ အမှတ် ၄၅ ဟုခေါ်တွင်သည့် ၆ ထပ်အဆောက်အအုံ၏ ၁၂.၅ ပေ x ၅၀ ပေ အကျယ်အဝန်းရှိ ဒုတိယထပ် (၃ လွှာ) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံသူ ဒေါ်လင်းမြင့်ထွန်း ၁၂/ကမတ(နိုင်)၀၅၂၃၂၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ဝယ်ယူလွှဲပြောင်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ |
|---|---|
| စဉ်–၂၅၁၆၅ | စဉ်–၂၆၁၉၉ |

**အထက်တန်းရှေ့နေများ**
**အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၀၉၅၁၄၅၇၆၇ ၊ ၀၉၄၂၀၀၂၈၃၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၄၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၈၀–ဃ)၊ မြေဧရိယာ၀ ဒသမ ၀၅၅ဧကရှိမြေကွက်သည် မူလက ဒေါ်တင်တင်ဦး အမည်ဖြင့် ၂၆–၇–၂၀၁၆ရက် အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်တင်တင်ဦးထံမှ ဒေါ်ဟွေချင်း က ၂၇–၁–၂၀၂၅ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၄၃/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ဟွေချင်း ၅/အတန(နိုင်)၀၄၈၁၂၆အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တောင်ပိုင်း ရပ်ကွက်၊ သီရိမြိုင်လမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော အလျား(၃၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝိုင်းတင် ၁၂/မဂဒ(နိုင်)၀၃၅၉၁၅က တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးမင်းသိန်းစိုး ၈/နမန(နိုင်)၀၉၁၆၅၉နှင့် ဒေါ်ဆွေဇင်မြင့် ၁၂/ဗဟန(နိုင်)၀၂၄၅၀၆တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခွန်ရဲမာန် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း – ၀၉– ၄၃၀၈၉၄၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေနှင်းဆီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၈၃၆)ဟု ခေါ်တွင်သော အကျယ်အဝန်းပေ (၄၀ x ၆၀)ရှိ ဦးဝင်းညွှန့် (CF–၀၃၂၄၀၂) မြေချပါမစ်မူရင်းအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၅ x ၆၀)ပေ (မြေကွက်အမှတ် (၈၃၄)နှင့်ကပ်လျက်အခြမ်း) ခေါင်းရင်းဘက်ပါမစ်မူရင်းခြမ်း မြေကွက်နှင့်ယင်းမြေပေါ်ရှိ (၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူများထံမှ တရားဝင် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုဝန်ခံသူ ဒေါ်လေးမြတ်လွင် ၁၄/သပန(နိုင်)၀၀၀၆၁၅ ကရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမာလာ ၁၂/မရက(နိုင်)၁၃၅၄၁၆မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ထိုအိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉ – ၈၈၂၇၈၃၇၂၆၊ ၀၉ – ၄၂၁၀၀၉၅၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၆၂၂)၊ ဗိုလ်တေဇလမ်း၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကျော်စိန်(၁၂/ဥကတ(နိုင်)၁၁၂၇၈၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ်(၆၂၃)နှင့်ကပ်လျက်ရှိပြီး တရားဝင်မခွဲမစိပ်ရသေးသော(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါအမည်ပေါက်သူဦးကျော်စိန်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးဇော်မျိုးနိုင် | ဦးတင်ကိုလိုင် |
|---|---|
| LL.B, D.B.L, | LL.B, D.I.P.L, |
| အထက်တန်းရှေ့နေ (စဉ်–၄၅၆၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၆၀၉) |

အမှတ်(၇၂)၊မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄) ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၂၅၀၉၇၁၇၂၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သင်းဝင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၃၄၊ မြေကွက်အမှတ် (၁၁၅၃)၊ ၄၂ ပေx၆၁ ပေ၊ ဧရိယာ ၀ဒသမ ၀၅၉ ဧကအကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်အိအိထွန်း ၁၂/ဒပန(နိုင်)၀၄၅၁၅၄ ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးလှကြိုင် ၁၂/ဥကတ(နိုင်)၁၂၂၄၇၅ က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း၊ အမွေစား၊ အမွေခံ၊ မိသားစု၊ အိမ်ထောင်ရေး၊ အရှုပ်အရှင်းမှစ၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းထားခြင်းများအပါအဝင် မည်သည့်အရှုပ်အရှင်းမျှမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား၊ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားအစရှိသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများဆက်လက်ပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါက်တာဇာခြည်အောင် LL.B, LL.M, MRes, PhD | ဒေါ်ကြာဖြူဝတ်ရည် LL.B, LL.M |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၃၃) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၀၈၉) |
| ဖုန်း–၀၉–၉၇၇၁၁၁၂၉၅ | ဖုန်း–၀၉–၉၇၇၁၁၁၂၉၂ |

**တိုက် (၁)၊ အခန်း (၁၁၂/၁၁၃) ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊**
**(၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ ဥက္ကံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၆၂)မကျီးကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၆၁)၊ ဧရိယာ ၀ ဒသမ ၅၃ ဧကမှ ဧရိယာ ၀ ဒသမ ၃၉ ဧကရှိ ဒေါ်မယ်သီး အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ကွင်းအမှတ်(၅၆၂) မကျီးကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၆၂)၊ ဧရိယာ ၀ ဒသမ ၃၄ ဧကရှိ ဒေါ်စိန်အမည်ပေါက် ဘိုးဘပိုင်မြေအား အမည်ပေါက် ဒေါ်မယ်သီးနှင့် ဒေါ်စိန်တို့၏ အမည်မှ ဦးမင်းအောင်၏ အမည်ဖြင့် ပြောင်းလဲလျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ထိုမြေနှင့်သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(မင်းအောင်)**
**၇/ကပက(နိုင်)၀၀၃၅၉၀**

## မိဘအမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ Grade–12မှ မောင်ပြည့်စုံကျော်၏ မိဘအမည်မှန်မှာ ဦးငွေးလွင် ၁၄/ဟသတ(နိုင်)၂၀၉၃၈၂ နှင့် ဒေါ်ယဉ်ယဉ်နု ၁၄/ဟသတ(နိုင်) ၂၈၀၆၀၃ ဖြစ်ပါသည်။

**မိဘများ**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 မှ မောင်ခနတိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွေး ၁၄/ဇလန(နိုင်)၀၈၂၉၄၃ ဖြစ်ပါသည်။

**ဦးသိန်းထွေး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ ခုနှစ်အိမ်တန်းလမ်းနေ ဦးမင်းဆွေ ၁၂/အစန(နိုင်)၀၁၃၂၇၀၊ ဒေါ်နော်ဖောစေး ၁၂/ အစန(နိုင်) ၂၃၂၉၄ တို့သည် ၁၄-၈-၂၀၂၅ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးသန့် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်–၁၃၀၃၄ (၂၇–၇–၂၀၁၇)**
**LLB.,DBL,Dip.in Eng;DL–101 WIPO (Switzerland)**
**(၄၅)မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## အမည်ပြောင်း

ဟသ်ာတမြို့၊ အမှတ်(၃၄) အခြေခံပညာမူလတန်းလွန်ကျောင်း၊ Grade–1မှ (ဘ) ဦးအောင်ကျော်ဦး–(အမိ) ဒေါ်သစ်သစ်အောင် တို့၏ သား မောင်သားသုသစ်အား မောင်သူရထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မိဘများ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် နေ အလက(၁)၊ တောင်ဥက္ကလာပမှ ဆရာမ ဒေါ်စန်းစန်းဝင်း ၁၂/ဥကတ (နိုင်)၁၁၂၀၄၁ ၏ ဖခင်အမည်မှာ ဦးတိတ်စွမ် (ခ) ဦးတိတ်စွန် ၁၂/ဥကတ(နိုင်)၀၆၂၄၁၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင် အထက်တန်းကျောင်း၊ G–10 မှ မောင်လမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ထွန်း ၉/တတဥ(နိုင်)၁၀၀၉၄၄ ဖြစ်ပါကြောင်း။

**ဦးနိုင်ထွန်း**

## အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–3 မှ (ဘ)ဦးပိုင်ဇေယျာလင်း –(အမိ) ဒေါ်အိသန္တာ တို့၏သမီး မရွှေပိုးရတီပိုင်အား မရွှေပိုးရတနာ ဟု ပြောင်းလဲခေါ်ပါရန်။

**မိဘများ**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/5965 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၇/ပခန(နိုင်)၂၅၁၀၂၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 57W/47749 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဇော် ၇/ပခန(နိုင်)၄၂၀၄၈၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/3928 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းအေး ၇/ကဝန(နိုင်)၀၇၀၀၇၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/23283 TVS DAZZ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်းမော် ၉/ခအဇ (နိုင်)၀၀၉၉၈၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4662 Toyota Kluger S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၁၂/ကခက(နိုင်) ၀၉၅၇၇၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/14190 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းထွန်း ၉/ခအဇ(နိုင်)၀၆၅၅၁၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9823 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## GOLDEN PALACE TOWER COMPANY LIMITED

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်**

**လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ (၂၀၁)၊ နည်းဥပဒေ (၈၇)**

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

| | |
|---|---|
| ကုမ္ပဏီအမည် | GOLDEN PALACE TOWER COMPANY LIMITED |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | GOLDEN PALACE TOWER COMPANY LIMITED |
| ကုမ္ပဏီ မှတ်ပုံတင်အမှတ် | 101649474 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | Myanma Gone Yi Street, No. 1/2, [G-Floor), Building C, Shwe Mya Yar Housing, Mingalar Taung Nyunt Township, Yangon Region, Myanmar. |
| ကုမ္ပဏီ အီးမေးလ် | ngapalicompany@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | Daw Yi Yi Aung (MAIP 00244) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ | No(164),33rd street, Kyauktada Tsp,Yangon,Myanmar. |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | yiyiaung8@gmail.com |
| ကြွေးမြီးတောင်းခံရမည့်နောက်ဆုံးရက် | 30-August 2025 |

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ "Golden Palace Tower Company Limited" အား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်မှစ၍ အစုရှယ်ယာရှင်များ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဒေါ်ရီရီအောင် (MAIP 00244) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ခဲ့ပြီးဖြစ်သည်။

